# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 5, 2020 Volume 31, Number 2


**၅.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၂ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၀၄/- ကျပ် |
| CBM Rate | = ၁၃၉၆.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၃.၂- ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၅.၆၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၅.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၉၆.၆၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၀၉၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဧရာဝတီတိုင်းဒေသကြီးတွင်း ဖျက်မိုးရွာသွန်းပြီးနောက် ဆားလယ်အချို့ပိတ်သိမ်းခဲ့ပြီး ဆားကြမ်းဈေးနှုန်းများ ကျဆင်းမှုကြောင့် ဆားတောင်သူများ အရှုံးဖြင့်ရင်ဆိုင်ရ



ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧပြီလနောက်ဆုံးအပတ်တွင် နေ့စဉ် မိုးအနည်းငယ် ရွာသွန်းမှုများရှိလာပြီး နောက် နေလှန်းဆားလုပ်ကိုင်နေ သည့် ဆားလယ်အချို့ ပိတ်သိမ်းခဲ့ရပြီး ဆားကြမ်းဈေးနှုန်းများမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက်ကျဆင်းမှုကြောင့် ဆားတောင်သူများအနေဖြင့် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရကြောင်းသတင်းရရှိသည်။ မုန်တိုင်းမိုးနှင့်အတူ မိုးအနည်းငယ် ဆက်တိုက် ရွာသွန်းလာမှုကြောင့် ဆားကွင်းများတွင် ညအပူချိန်များကျဆင်းခဲ့ပြီး နေလှန်း ဆားချက်လုပ်ရန်ခက်ခဲခြင်း၊ ရာသီချိန်ကျန်ရှိမှုနည်းပါးခြင်းတို့ကြောင့် ဆားတောင်သူ အချို့မှ ဆားလယ်များကို ရပ်နားခဲ့ကြောင်း၊ ယခုနှစ်တွင် COVID-19 ရောဂါဖြစ်စဉ် ကြောင့် လုပ်ငန်းအများစု ရပ်နားထားရခြင်းကြောင့်ဟုဆိုကာ ဆားကြမ်း ဈေးနှုန်း များမှာ ဆားကြမ်းတစ်ပိဿာလျှင် ၄၅ ကျပ်မှ ၅၀ ကျပ်ခန့်ထိသာ ဈေးနှုန်းများ ရရှိခဲ့ပြီး ဆားတောင်သူများအနေဖြင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များ ပြန်လည်မရရှိခဲ့ဘဲ အရှုံးဖြင့်ရင်ဆိုင်နေခဲ့ရကြောင်းသိရသည်။ “မိုးကနည်းနည်းစီရွာနေတာ သုံးရက် လောက်ရှိပြီ။ ကွင်းထဲမှာ အပူချိန်ကကျသွားတော့ ဆားကသိပ်မဖြစ်တော့ဘူး။ ရာသီချိန်ကလည်း သိပ်မကျန်တော့တဲ့အပြင် ဆားကြမ်းဈေးက ဆက်တိုက်ကျနေတော့ ဆားဖိုသူကြီးတော်တော်များများက ရာသီသိမ်းလိုက်ကြတယ်၊ အထွက်ကလည်း ဆုတ်တယ်။ ဒီနှစ်က နှစ်ခါနာတာပေါ့။ ဆားအထွက်လည်း ဆုတ်ဆားကြမ်းဈေး ကလည်း အချောကသာ ၂၀၀ ဝန်းကျင်ရှိနေတာ။ အကြမ်းကျတော့ ၄၅ ကျပ် ၅၀ ပဲပေးကြတယ်၊ ဆီဈေးတွေကကျတယ်ဆိုပေမဲ့ ကျွန်တော်တို့က ရာသီစကတည်းက ဆီတွေကဝယ်ထားရတာ။ အဲဒီအချိန်က ဆီဈေးကတက်သေးတယ်။ ရောဂါကပ်ဆိုး ကလည်းရှိနေတော့ အလုပ်သမားတွေကလည်း မပြန်ရဲကြ။ အပြင်ကလူတွေလည်း မလာရဲ ဆားကြမ်းပို့ရတာလည်းအဆင်မပြေ အကုန်လုံးဒုက္ခရောက်တာပဲ။ နောက်နှစ် ကျ ဆက်ပြီးလုပ်ဖို့တောင် အတော်စဉ်းစားရတော့မယ်။ အစိုးရက စပါးဈေးကို ကြမ်းခင်းဈေးသတ်မှတ်ပေးသလို ကြမ်းခင်းဈေးလေးသတ်မှတ်ပေးရင်ကောင်းမယ်” ဟု လပွတ္တာမြို့နယ်မှ ဆားဖိုသူကြီးတစ်ဦးဖြစ်သူ ဦးသိန်းဇော်ဦးက ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် နေလှန်းဆားကြမ်းထုတ်လုပ်နေသည့် ဆားလယ်ပေါင်း ငါးသောင်းကျော်ခန့်ရှိပြီး နှစ်စဉ် ဆားကြမ်းပိဿာပေါင်း သိန်းပေါင်းနှစ်သိန်းခန့်ထွက်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/171547

## ယခုရက်ပိုင်းတွင် တရုတ်ဘက်မှ ငရုတ်သီးအစို ဝယ်ယူမှုကြောင့် ဈေးကောင်းရလာ



COVID-19 ကြောင့် ပြည်ပတင်ပို့မှု ရပ်နားထားရာမှ ဧပြီ ၂၈ ရက်မှစ၍ တရုတ်ဘက်မှ ပြည်တွင်းမှထွက်ရှိသော ငရုတ်သီးအစိုများကို စတင်ဝယ်ယူနေသဖြင့် ဈေးကောင်းရရှိနေကြောင်း ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဌ ဒေါ်ဥမ္မာကျော်က ပြောသည်။

ငရုတ်သီးအစိုကို ပုံမှန်အချိန်တွင် ဗီယက်နမ်နှင့် မလေးရှား နိုင်ငံများသို့ တင်ပို့နေသော်လည်း ယခုလက်ရှိတွင် တရုတ်ဈေးကွက်သို့ တစ်ရက်လျှင် ၁၂ ဘီးတွဲကားအစီး၂၀ ကျော်တင်ပို့နေသည်ဟုဆိုသည်။ "ကပ်ရောဂါကြောင့် ပြည်ပတင်ပို့မှုတွေ ရပ်ဆိုင်းထားရာက ခုဆိုရင် တရုတ်နိုင်ငံကို ပို့နေပြီ။ ဝယ်လိုအားရှိ တော့ ဈေးလည်းတက်လာတယ်။ တစ်ရက်ကို တန်ချိန် ၂၀၀ လောက် ပို့နေတာ ၃ ရက်လောက် ရှိပြီ။ လတ် ဆတ်မှုပေါ်မူတည်ပြီး ဈေးကောင်းရတယ်။ ဒီရက်ပိုင်းမှာ ငရုတ်အစို တစ်ပိဿာ ၉၀၀ ကျပ်ဝန်းကျင် ဈေးတက် လာတယ်"ဟု ၎င်းကပြောသည်။

ငရုတ်သီးအစို လက်ရှိပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၇၀၀-၁၈၀၀ ကျပ်ဖြစ်၍ ယခင်နှစ်ကုန်ပိုင်းကထက် တစ်ပိဿာလျှင် ၉၀၀ ကျပ်ဝန်းကျင် ဈေးမြင့်တက်လာကြောင်း၊ မန္တလေးတိုင်းအတွင်း ကျောက်ဆည်၊ မြစ်သားမြို့နယ် များနှင့်အခြားမြို့ယ်များမှ တစ်ရက်လျှင် ငရုတ်အစိုတန်ချိန် ၂၀၀ ဝန်းကျင်ထွက်ရှိကြောင်းသိရသည်။ "ခုချိန်တော့ မြစ်သားဘက်က အများဆုံးထွက်နေပြီး ငရုတ်သီးခူးပြီးတဲ့ အစိုကို အအေးခန်းမှာထားတယ်။ ခြင်းတွေနဲ့ထည့်ပြီး တရုတ်ဘက်တင်ပို့တယ်။ လက်ရှိမှာ ငရုတ်အစုံ ဝယ်နေတယ်။ ခူးဆွတ်သန့်စင်တဲ့စက်ရုံတွေ ကန့်သတ်မှုတွေမရှိတော့ဘဲ ကောင်းကောင်းလည်ပတ်နိုင်ရင်တော့ ထုတ်လုပ်မှု ပိုများလာမယ်"ဟု ဆက်လက်ပြောကြားသည်။

၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံမှ ထွက်သော ငရုတ်သီးအစို(အနီ)များကို ဗီယက်နမ်နှင့်မလေးရှားနိုင်ငံသို့ တင်ပို့ခဲ့သော်လည်း ပြည်တွင်းမှ ထွက်ရှိမှုနှုန်းနည်းပါးသဖြင့် ၂၀၁၉ အောက်တိုဘာတွင် တင်ပို့မှုရပ်တန့်လိုက်ရကြောင်း၊ ငရုတ်သီးအစိုမှာ မန္တလေး တိုင်းနှင့်ဧရာဝတီတိုင်းတို့မှ အများဆုံးထွက်ရှိ၍ လက်ရှိတွင် တရုတ်မှဝယ်ယူမှုကြောင့် ပြည်ပတင်ပို့မှု ပြန်လည်စတင် နေပြီဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/138876.html

## တရုတ်အစိုးရ၏ COVID-19 ထိန်းချုပ်ရေးကြောင့် ကုန်စည်ပို့ဆောင်ခ ၃၀ ရာခိုင်နှုန်းခန့်မြင့်တက်



နယ်စပ်တွင် CO- VID-19 ထိန်းချုပ်ကာကွယ်ရေး ကို တရုတ်အစိုးရက တင်းကျပ်စွာ လုပ်ဆောင်နေခြင်းကြောင့် ကုန်စည်ပို့ဆောင်ခဈေးနှုန်းများ ၃၀ ရာခိုင်နှုန်းခန့် မြင့်တက်သွားသည်ဟု မူဆယ်အဝေးပြေး ကုန်စည် ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့် ကပြောသည်။ နယ်စပ်ဂိတ်တွင် တရုတ် အစိုးရ၏ တင်းကျပ်သောစစ်ဆေးမှုကြောင့် တရုတ်နိုင်ငံသို့ဝင်မည့် ကုန်တင်ယာဉ်များ မြန်မာနိုင်ငံဘက်ခြမ်းတွင် တစ်ပတ်ကျော်ထိ စောင့်ဆိုင်းနေရပြီး အချိန်ကြာမြင့်မှုက ကုန်စည်ပို့ဆောင်ရေးစရိတ်များ မြင့်တက်စေသည်ဟု ဦးဝင်းအောင်ခန့်က ဆိုသည်။

“ကျွန်တော်ကတော့ ကပ်ရောဂါကြီး အမြန်ပြီးဖို့ပဲ ဆုတောင်းနေပါတယ်”ဟု ဦးဝင်းအောင်ခန့်က ပြောသည်။ ထို့အပြင် ကုန်တင်ယာဉ်ရှားပါးသဖြင့်လည်း ကုန်စည်ပို့ဆောင်ခဈေးမြင့်တက်ရခြင်းဟု မူဆယ်မြို့မှ သွင်းကုန်လုပ်ငန်းရှင် တစ်ဦးက ပြောသည်။ ပုံမှန်ချိန်တွင် မူဆယ်၊ မန္တလေး ၂၂ ဘီး တွဲကားတစ်စီးလျှင် ကုန်စည်ပို့ဆောင်ခ ကျပ် ၁၄ သိန်းဝန်းကျင် ဈေးရှိသော်လည်း လက်ရှိအချိန်တွင် ကျပ်သိန်း ၂၀ ဈေးဖွင့်သည်။ လက်ရှိတရုတ်အစိုးရ၏ COVID-19 ထိန်းချုပ်မှု အစီအစဉ်ကြောင့် နယ်စပ်တွင် ကုန်တင်ယာဉ်များ ကြန့်ကြာမှုက ယာဉ်မောင်းနှင့် ယာဉ်နောက် လိုက်အတွက် တစ်ရက်လျှင် ထမင်းစရိတ် ၁၃,၀၀၀၊ ကြာမြင့်ချိန်ပေါ်မူတည်ပြီး ကုန်တင်ယာဉ်တစ်စီးအတွက် ဆီဖိုး ကျပ်ငါးသောင်းမှတစ်သိန်းအကြား အပို ကုန်ကျနေကြောင်း ကုန်တင်ယာဉ်ပိုင်ရှင်အချို့ကပြောသည်။ တရုတ်နိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းနေသည့် ကုန်သည်များ အတွက်လည်း အလုပ်သမား ရှားပါးမှုကြောင့် လုပ်အားခများ နှစ်ဆခန့်တိုးပေးရသည်ဟု မူဆယ်မြို့မှ ကုန်သည် အချို့ကပြောသည်။

မြန်မာနိုင်ငံမှ ဖွင့်လှစ်ထား သော နယ်စပ်ကုန်သွယ်ရေးစခန်း ၁၈ ခုတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းက တစ်ရက်လျှင် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၄ သန်းကျော်ဖြင့် အများဆုံး ကုန်သွယ်နေသည်။ တစ်ရက် ကုန်တင်ယာဉ် အစီးရေ ၆၀၀ ကျော်မှ ၁,၀၀၀ အကြား ကုန်စည်ပို့ဆောင်နေသော လမ်းကြောင်းတစ်ခုဖြစ်သည်။ လက်ရှိအချိန်တွင် နယ်စပ် အခက်အခဲကြောင့် ကုန်စည်ပို့ ဆောင်ခများ မြင့်တက်နေသော်လည်း အစိုးရမှ လမ်း၊ တံတား ဂိတ်ကြေးများ သက်သာခွင့် ရလျှင် ကုန်စည်ပို့ဆောင်ခ ဈေးအနည်း ငယ်သက်သာသွားမည်ဟု ဦးဝင်းအောင်ခန့်ကပြောသည်။ လက်ရှိ ရန်ကုန်၊ မူဆယ် လမ်း၊ တံတားဂိတ်ကြေးက အသွား၊ အပြန်တစ်ခေါက်လျှင် သုံးသိန်းကျပ်ကုန်ကျပြီး ဂိတ်ကြေးများလျှော့ချပေးမည် ဆိုပါက ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် ကုန်သည်များအတွက် သက်သာခွင့်တစ်ခုရရှိလာနိုင်သည်ဟု ၎င်းက ဆိုသည်။ အစိုးရ၏ COVID-19 စီးပွားရေးကုစားမှု အစီအစဉ်တွင် အဓိကလမ်းမကြီးများပေါ်ရှိ ကုန်တင်ယာဉ်များ ဂိတ်ကြေး ကောက်ခံမှုကို တတ်နိုင်သမျှ အမြန်ဆုံး ဆောင်ရွက်မည်ဟုလည်း ဖော်ပြထားသည်။

**Source:** https://7day.news/detail?id=185197

## ချေးငွေ၊ ထောက်ပံ့မှုများဖြင့် လယ်သမားများကိုဆွဲဆောင်ရန် COVID-19 စီးပွားရေးကုစားမှု အစီအစဉ်တွင်ထည့်သွင်းထား



COVID-19 စီးပွားရေးကုစားမှုအစီအစဉ်တွင် စိုက်ပျိုးရေး လုပ်ငန်းကို တောင်သူလယ်သမားများ စိတ်ဝင်တစားတိုးမြှင့် လုပ်ကိုင်နိုင်ရန် ချေးငွေ၊ ထောက်ပံ့မှုများဖြင့် ဆွဲဆောင်မည့် အစီအစဉ်များ ထည့်သွင်းဖော်ပြထားသည်။ လုပ်ဆောင်မည့် အစီအစဉ်အသေးစိတ်ကို ဖော်ပြခြင်းမရှိသော်လည်း လယ်သမား များကို မုတ်သုံရာသီအမီ ငွေကြေးထောက်ပံ့ခြင်း၊ ငွေချေးခြင်း များ ဆောင်ရွက်ပေးမည်ဟုပါရှိသည်။ ထုတ်လုပ်စွမ်းအားနှင့် ဈေးကွက်ရှာဖွေမှု တိုးမြှင့်ရန်အကြံဉာဏ်ပေးခြင်းကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ၂၀၂၀ နှစ်မကုန်မီ အကောင်အထည်ဖော်ရမည်ဖြစ်သည်။ စိုက်ပျိုးရေး လုပ်ငန်းများထူထောင်ရာတွင် ကန့်သတ်ချက်များဖယ်ရှားပြီး ငွေကြေးထောက်ပံ့မှုအစီစဉ်များလည်း ထူထောင်ရမည် ဖြစ်သည်။

အရင်းအနှီးအတွက် ကာလလတ်ချေးငွေနှင့် စိုက်ပျိုးသီးနှံများအပေါ် ဈေးနှုန်းအာမခံစနစ် အပါအဝင် တောင်သူ လယ်သမားများကိုဆွဲဆောင်နိုင်မည့် အချက်လေးချက် အလျင်အမြန်ဆောင်ရွက်ရန်လိုနေကြောင်း လယ်သမားဘဝ ဖွံ့ဖြိုးရေး အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။ နှစ်စဉ်ထုတ်ချေးနေသည့် တစ်ရာသီ စိုက်ပျိုးစရိတ်ချေးငွေမျိုးမဟုတ်ဘဲ သုံးနှစ်မှ ငါးနှစ်ပြန်လည်ပေးဆပ်ရမည့် ကာလလတ်ချေးငွေများကို လယ်သမားများက လိုအပ်ကြောင်း ၎င်းကဆိုသည်။ “လယ်သမား တွေက အကြွေးနဲ့ပဲ နပန်းလုံးနေရတော့ ရာသီအလိုက်ချေးငွေတွေက အဆင်မပြေဘူး”ဟု ဦးသိန်းအောင်ကပြောသည်။

ပြီးခဲ့သည့်နှစ် မိုးစပါးရာသီတွင် အစိုးရက စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧက ကျပ်တစ်သိန်းခွဲ ထုတ်ချေး ခဲ့သော်လည်း စပါးပေါ်ချိန် ဈေးကျမှုကြောင့် စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရန် အခက်အခဲများ ကြုံခဲ့ရသည်ဟု ကျောင်းကုန်းမြို့နယ်မှ လယ်သမားဦးပြုံး ကပြောသည်။

ထို့အပြင် လယ်မြေများကို လယ်သမားက လွတ်လပ်စွာစီမံပိုင်ခွင့်ရှိပြီး ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးခွင့်၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးကဲ့သို့ သွင်းအားစုများ အရည်အသွေး၊ ဈေးနှုန်းမှန်ကန်စွာဖြင့်အချိန်မီရရှိအောင်လုပ်ဆောင်ပေးခြင်းစသည်တို့ကိုလည်း လယ်သမားများကလိုလားသည်ဟု ဦးသိန်းအောင်ကပြောသည်။ လယ်ယာကဏ္ဍ ငွေကြေး ထောက်ပံ့မှုနှင့်ပတ်သက်၍ ယခုနှစ်မိုးစပါးရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေကို ကျပ်တစ်သိန်းခွဲမှ နှစ်သိန်းအထိ တိုးပေးရန်နှင့် လယ်ဧက ၁၀၀ အထိ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အစိုးရကိုအကြံပြုထားသည်။

**Source:** https://7day.news/detail?id=185286

## ဒေါ်လာတန်ဖိုးကျချိန်တွင် ဗဟိုဘဏ်က ဒေါ်လာသုံးသန်းဝယ်ယူ

ပြည်တွင်းဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာ ၁,၄၀၀ ကျပ်ဝန်းကျင်သို့ ကျဆင်းလာချိန်တွင် ဗဟိုဘဏ်က ဈေးကွက်အတွင်းမှ ဒေါ်လာသုံးသန်းဝယ်ယူခဲ့သည်။ ဗဟိုဘဏ်သည် လေလံဈေးကွက်ဖြင့် တစ်ဒေါ်လာလျှင် ၁,၄၀၈ ကျပ်ဈေးပေးပြီး မေလ ၄ ရက်က ဝယ်ယူခဲ့ခြင်းဖြစ်သည်။ လက်ရှိပြည်တွင်းဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးသည် မေလ ၄ ရက် နံနက် ဈေးဖွင့်ချိန် တွင် တစ်ဒေါ်လာ ၁,၄၀၀ ကျပ် ဝန်းကျင်ဖြင့်စတင်ခဲ့ပြီး မွန်းလွဲပိုင်းတွင် တစ်ဒေါ်လာ ၁,၄၀၈ ကျပ်ဈေးဖွင့်သည်။ COVID-19 ကြောင့် ပြည်တွင်းငွေဈေးကွက်တွင် အရောင်းအဝယ်နည်းပြီး ဒေါ်လာတန်ဖိုး တည်ငြိမ်နေသည်။

သင်္ကြန်ပိတ်ရက်နောက်ပိုင်းမှ ဧပြီလကုန်အထိ တစ်ဒေါ်လာ ၁,၄၂၀ ကျပ်ဝန်းကျင်တွင် ဈေးအနည်းငယ်သာ အပြောင်းအလဲရှိကြောင်း ငွေလဲဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။ ၂၀၂၀ နှစ်စပိုင်းတွင် တစ်ရှိန်ထိုးကျဆင်းခဲ့သော ဒေါ်လာတန်ဖိုးက ဗဟိုဘဏ်၏ ဒေါ်လာဝယ်ယူမှု၊ နိုင်ငံတကာ ဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့် ဧပြီတွင် တစ်ဒေါ်လာ ၁,၄၂၀ ကျပ်မှ ၁,၄၄၀ ကျပ်အကြား အနည်းငယ်အပြောင်းအလဲရှိသည်။

**Source:** https://7day.news/detail?id=185287

## Exporter မဟုတ်သော်လည်း အရန်ဆန်ရောင်းချလိုသူအနေဖြင့် စီးပွား/ ကူးသန်းသို့ ၁၀၈ ပေါင်တစ်အိတ်လျှင် ကျပ် ၂၁၆၀၀ နှုန်းဖြင့် အနည်းဆုံးဆန်အိတ် ၂၀၀၀ မှစ၍ ပမာဏအကန့်အသတ်မရှိရောင်းချနိုင်



ပြည်ပသို့ဆန်တင်ပို့နေသူ Exporter မဟုတ်သော်လည်း အရန်ဆန်ကို ရောင်းချလိုသော စက်ပိုင်၊ ကုန်သည်၊ အဖွဲ့အစည်းများ အနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၁၀၈ ပေါင် ဆန်တစ်အိတ်လျှင် ကျပ် ၂၁၆၀၀ နှုန်းဖြင့် အနည်းဆုံး အိတ်ရေ ၂၀၀၀ မှစ၍ ပမာဏအကန့်အသတ်မရှိ ရောင်းချနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ထားသည်။

COVID- 19 ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ တောင်သူများဝင်ငွေတိုးတက်ရရှိရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် ဆန်နှင့်ဆန်ကွဲ တင်ပို့ခွင့်လိုင်စင် ရရှိထားသူများ အနေဖြင့် ပြည်ပတင်ပို့သည့်ပမာဏ အထောက်အထား ပို့ကုန်ကြေညာလွှာတွင် ဖော်ပြထားသည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် ရောင်းချပေးရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော COVID- 19 ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊

ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မည့် လုပ်ငန်းအစီအစဉ်များကိုထုတ်ပြန်ခြင်းဖြစ်သည်။

ဆန်နှင့် ဆန်ကွဲတင်ပို့ခွင့်လိုင်စင်ရရှိ ထားသူများအနက် ၂၀၂၀ ပြည့်နှစ် မတ် ၁၅ ရက်နောက်ပိုင်း (မတ် ၁၆ ရက်မှ မတ် ၂၀ ရက်အထိ) ပို့ကုန်လိုင်စင်ရရှိထားသူများအနေဖြင့် တင်ပို့သည့်ပမာဏအထောက်အထား ပို့ကုန်ကြေညာလွှာ Export Declaration တွင် ဖော်ပြထားသည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော် အရန်ဆန်အဖြစ် ဈေးမထဆန် ၂၅ ရာခိုင်နှုန်းကို ရောင်းချပေးရမည်ဖြစ်ကြောင်းသိရသည်။ ဆန်နှင့်ဆန်ကွဲတင်ပို့သည့်ကုမ္ပဏီသည် တင်ပို့ခြင်းမပြုမီ ကြိုတင်၍လည်းကောင်း၊ အမှန်တင်ပို့ပြီး တစ်ပတ်အတွင်း၌လည်းကောင်း၊ နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်းကို သတ်မှတ်ထားသည့်သိုလှောင်ရုံသို့ အပ်နှံပေးသွင်းရမည်ဖြစ်သည်။ နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်းကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် ပေးသွင်းခြင်း မရှိပါက ပို့ကုန်/ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပိတ်သိမ်းခြင်းခံရမည်ဖြစ်သည့်အပြင် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

ပြည်ပသို့ဆန်တင်ပို့မှု အလားအလာကောင်းများရှိနေသော်လည်း COVID- 19 ရောဂါ ဖြစ်ပွားနေသဖြင့် လက်ရှိတွင် ပြည်တွင်းလိုအပ်ချက်၊ Supply (ပြည်တွင်းထုတ်လုပ်မှု)နှင့် Export သုံးခု ဟန်ချက်ညီစေရန် အသင်းအဖွဲ့များနှင့်ဆွေးနွေး ဆောင်ရွက်နေပြီး ယင်းရလဒ်အပေါ်မူတည်ပြီးမှသာ ဆန်တင်ပို့မှုကို ခွင့်ပြုသွားမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောကြားသည်။

**Source:** https://news-eleven.com/article/172103

## ယခုနှစ် ဖေပြီတွင် ကုမ္ပဏီမှတ်ပုံတင်မှု ၃၅၀ ခန့်သာရှိပြီး ယခင်နှစ်ကာလတူထက် ကိုးဆခန့်လျော့နည်း

ပြီးခဲ့သည့် ဧပြီအတွင်း ကုမ္ပဏီမှတ်ပုံတင်အရေအတွက် ၃၅၀ ခန့်သာရှိပြီး ကုမ္ပဏီဥပဒေ အသစ် ပြဋ္ဌာန်းခဲ့သည့် ၂ နှစ် ကျော်ကာလအတွင်း ကုမ္ပဏီအသစ်ထူထောင်သည့် အနည်းဆုံးလဖြစ်သည်။ နှစ်စဉ်ဧပြီလတွင် ကုမ္ပဏီမှတ်တင်သည့်ပမာဏ အနည်းဆုံးလဖြစ်လေ့ရှိပြီး ယခုနှစ်သည် ယခင်နှစ်ထက် ကိုးဆခန့်လျော့နည်းခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သောစာရင်းများတွင် ဖော်ပြထားသည်။ ကုမ္ပဏီမှတ်ပုံတင်ရာတွင် ၂၀၂၀ မတ်လ တွင် ၁,၀၀၀ ကျော်ရှိပြီး ၂၀၂၀ ဖေဖော်ဝါရီတွင် ၁,၃၀၀ ခန့်ရှိသည်။

ကုမ္ပဏီမှတ်ပုံတင်မှု ကျဆင်းခြင်းမှာ ထိုကာလအတွင်း COVID-19 ကြောင့် စီးပွားရေးလုပ်ငန်းများရပ်ဆိုင်းသည့် ကာလဖြစ်၍ လုပ်ငန်းအသစ်များမရှိခြင်းကြောင့်ဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးအေးထွန်းကပြောသည်။ ''ဧပြီက နှစ်ကူးပိတ်ရက်ကြောင့် အလုပ်တွေမလုပ်ကြဘူး။ အခု COVID-19 ကြောင့် အကုန်လုံးရပ်ကုန်တာ'' ဟု ၎င်းက ဆိုသည်။ တစ်နိုင်ငံလုံးတွင် ကုမ္ပဏီမှတ်ပုံတင်အရေအတွက် ၆၆,၀၀၀ ကျော်ရှိသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=185285

## ရန်ကုန်မြို့တွင်းရှိ ရွှေဆိုင်တစ်ဝက်ခန့် ပြန်လည်ဖွင့်လှစ်




ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး မဖွင့်သေးသော်လည်း ရန်ကုန်ရှိ ရွှေဆိုင်အချို့ပြန်လည် ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း ယင်းရွှေဆိုင်ပိုင်ရှင်အသိုင်းအဝိုင်းထံမှသိရသည်။ ယခင်က ရွှေအသင်းရုံးမှ နေ့စဉ်ဖွင့်လှစ်သည့်ဈေးဖြင့် ရန်ကုန်၏ အဓိက ရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာ ရွှေဈေးကွက်အပြင် ရွှေဆိုင်များတွင် အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်သည်။ "အခုတော့ မဂိုလမ်း (ရွှေဘုံသာလမ်း)က အရောင်းအဝယ်အနည်းငယ်လုပ်သူတွေရဲ့ ဈေးနဲ့ပဲ ဖွင့်ပြီး အရောင်းအဝယ်လုပ်နေပါတယ် " ဟု မဟာဗန္ဓုလလမ်းပေါ်တွင်

ဖွင့်လှစ်ထားသည့် တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်က လက်ရှိအရောင်းအဝယ်ပြုလုပ်နေသည့် ပုံစံကိုပြောသည်။

ရန်ကုန်မြို့တွင်းရှိ ရွှေဆိုင်အချို့သည် မေလဆန်းပိုင်းမှစတင်၍ တဖြည်းဖြည်းဖွင့်လှစ်ရောင်းချလာခဲ့ကြခြင်းဖြစ်ပြီး ယခုအခါ ရွှေဆိုင်ထက်ဝက်ခန့်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း လက်ရှိဖွင့်လှစ်ရောင်းချနေသည့် ရွှေဆိုင်ပိုင်ရှင်များက မြန်မာတိုင်းမ်သို့ပြောသည်။ COVID-19 နှင့်ပတ်သက်သည့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဆောင်ရန်ရှောင်ရန် နည်းများအတိုင်း ရွှေဆိုင်များကို ဖွင့်လှစ်ရောင်းချနေသကဲ့သို့ လာရောက်ဝယ်ယူရောင်းချသူများကိုလည်း အနည်းဆုံး သုံးပေခွာ၍ အရောင်းအဝယ်ပြုလုပ်နေကြောင်း ၎င်းတို့ကဆိုသည်။ လတ်တလောအရောင်းအဝယ်တွင် ရောင်းသူက ပိုမိုများပြား နေပြီး ဝယ်သူနည်းပါးနေကြောင်း၊ ရွှေတုံးထက် ရွှေထည်ပစ္စည်းများက အရောင်းအဝယ်ပိုမိုဖြစ်ပြီး မေ ၅ ရက်နေ့ ရွှေပေါက်ဈေးမှာ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ကျပ် ၁,၁၇၀,၀၀၀ ကျော်ခန့်နှင့် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၉၈ ရှိကြောင်း ၎င်းတို့ကဆိုသည်။ " ကျွန်တော်တို့ရွှေအသင်းရုံးကိုတော့ လတ်တလောမဖွင့်သေးဘူး။ ကိုဗစ်ရောဂါ အခြေအနေကို စောင့်ကြည့်ဦးမယ် " ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးကို COVID-19 ရောဂါမြန်မာနိုင်ငံသို့ စတင်ဖြစ်ပေါ်လာပြီး ရက်သတ္တပတ်တစ်ပတ်ခန့်အကြာ မတ် ၂၉ ရက်နေ့မှစတင်၍ ပိတ်ထားခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/138904.html

## COVID-19 ကာလ၌ ဆောက်လုပ်ရေးလုပ်ငန်းများပြန်စရန် အခက်အခဲများရှိနေဆဲ



မဖြစ်မနေဖွင့်လှစ်ရမည့် ပြည့်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းသည် အများပြည်သူ အတွက် လုပ်ငန်းလိုအပ်ချက်ကြောင့် ပြန်လည်ဖွင့်လှစ်ရမည် ဖြစ်သော်လည်း မြေပြင်တွင် လုပ်ငန်းစတင်လည်ပတ်ရန် အခက်အခဲများရှိနေကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ Chairman ဦးရိုန်ဝင်းကပြောသည်။

ဆောက်လုပ်ရေးကဏ္ဍသည် စက်ရုံအလုပ်ရုံများကဲ့သို့ပင် လုပ်သားအင်အားအများအပြားနှင့် လုပ်ကိုင်ရသောလုပ်ငန်းမျိုး ဖြစ်ပြီး မဖြစ်မနေလုပ်ငန်းခွင်ဆင်းနေတဲ့ သူများကလည်း တစ်ယောက်နှင့်တစ်ယောက် ရောဂါပိုးကူးစက်မည်ကို စိုးရိမ်နေကြရကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကဆိုသည်။ ''တချို့က ကြောက်ပြီးမလာတာရှိတယ်၊ အလုပ်ရှင်ဘက်ကလည်း မလာရင်အလုပ်ဖြုတ်ပြီး အသစ်ထပ်ခန့်တဲ့အခါ အလုပ်ရှင်နဲ့ အလုပ်သမားကြား ပဋိပက္ခဖြစ်လာနိုင်တယ်''ဟု ဦးရိုန်ဝင်းကဆိုသည်။

ရောဂါပိုးကူးစက်မည်ကို စိုးရိမ်သည့်ပြဿနာအပြင် လုပ်သားအင်အားရှားပါးခြင်း၊ နိုင်ငံခြားမှတင်သွင်းရသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် မူလခန့်မှန်းထားသည့် ဘတ်ဂျက်နှင့် ကိုက်ညီမှု မရှိတော့ခြင်း၊ လုပ်ငန်းပြီးစီးရန် အချိန်ကြန့်ကြာခြင်းစသည့် အခက်အခဲများလည်းရှိနေကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေး ဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ကျော်စိုးကပြောသည်။ ''ဆောက်လုပ်ရေး ကဏ္ဍက လုပ်သားအများစုဟာ နယ်တွေကဖြစ်တယ်၊ သူတို့ရန်ကုန်ပြန်လာဖို့အတွက် ကျန်းမာရေးထောက်ခံချက်တွေ၊ သွားလာ ဆက်သွယ်ရေးတွေနဲ့ ရန်ကုန်ရောက်ရင် နေထိုင်ရေးတို့ကအစ လက်ရှိအချိန်မှာ အခက်အခဲရှိနေဆဲဖြစ်တယ်၊ ဒါကြောင့် တချို့ လုပ်သားတွေက ပြန်မလာကြသေးဘူး၊ တချို့လုပ်ငန်းတွေဆိုရင် ရန်ကုန်မှာရှိတဲ့လူနဲ့ပဲ စလုပ်နေကြရတယ်''ဟု ဦးကျော်ကျော်စိုးကဆိုသည်။ ယင်းအပြင် အခြားမြို့နယ်များရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှာ ပြန်လည်စတင်ရန် အခက်အခဲရှိနေကြောင်းသိရသည်။ နယ်ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်အလုပ်လုပ်ကိုင်ရမည့် အခြားတိုင်းနှင့် ပြည်နယ်များမှ ဆောက်လုပ်ရေးလုပ်သားများသည် အချို့ဒေသများမှာ Quarantine ၂၁ ရက် ဝင်ပြီးမှသာ မြို့တွင်း

ဝင်ခွင့်ပြုသဖြင့် လုပ်ငန်းချက်ချင်းစတင်ရန် အခက်အခဲရှိကြောင်းလည်း ၎င်းကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အလုပ်သမားအရေအတွက် ခုနစ်သိန်းနီးပါးရှိပြီး အားလုံးကို လုပ်ငန်းခွင်ပြန်မဝင်မီ ရောဂါပိုးရှိမရှိ အလုပ်ရှင်ဘက်မှ စစ်ဆေးပေးနိုင်ပါက အကောင်းဆုံးဖြစ်ကြောင်း၊ အလုပ်သမားများသည့်နေရာများတွင် ကျန်းမာရေးစစ်ဆေးခကို အလုပ်ရှင်တစ်ဝက် အလုပ်သမားတစ်ဝက်ကျခံပြီး စစ်ဆေးပေးသင့်ကြောင်း ဦးရှိန်ဝင်းကပြောသည်။

''ဆေးစစ်ခက တစ်ယောက်ကို ကျပ်သုံးသောင်းလောက် ကျမယ်လို့ခန့်မှန်းပါတယ်၊ ကိုယ့်ရဲ့ကျန်းမာ ရေးအတွက် ဒီငွေပမာဏရဲ့ တစ်ဝက်လောက် စိုက်ထုတ်ရတာက အရမ်းအပမ်းမကြီးလောက်ဘူးလို့ထင်ပါတယ်၊ အလုပ်သမားတွေဘက်က အဆင်ပြေ အောင် အလုပ်ရှင်တွေဘက်က ခဏစိုက်ပေးပြီး လကုန်မှ တစ်ဝက်ပြန်ဖြတ်တာမျိုးလုပ်ပေးရင်တော့ ပိုကောင်းတာပေါ့''ဟု ဦးရှိန်ဝင်းကဆိုသည်။ ဆေးစစ်ချက်ရလဒ်များအရ ပိုးရှိလူနာပါလာပါက ထပ်မံပြန့်ပွားမှုမရှိစေရေး အမြန်ဆုံးကုသမှု ခံယူ ိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ဝန်ထမ်းအားလုံး စိတ်ရှင်းရှင်းဖြင့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း ဦးရှိန်ဝင်းက သုံးသပ်ပြောဆိုသည်။ လုပ်ငန်းများ ပြန်လည်မစတင်မီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ထားရမည့်အချက်များနှင့် ကိုက်ညီမှု ရှိမရှိကို စစ်ဆေးပြီး ကိုက်ညီမှုရှိမှသာ လုပ်ငန်းစတင်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ယင်းအပြင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အချိန်မီဝယ်ယူရရှိနိုင်ရေး အခက်အခဲများရှိနေဆဲဖြစ်ပြီး ဆောက်လုပ်ရေးအခြေခံပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့်သံချောင်းတို့မှာ ယခင်ဈေးနှုန်းထက် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ အများပြည်သူအတွက် လိုအပ်ချက်အရ ဆောက်လုပ်ရေး လုပ်ငန်းများ မဖြစ်မနေပြန်လည်ဖွင့်လှစ်ရမည်ဖြစ်သော်လည်း အဆိုပါအခြေအနေများကြောင့် မေ ၁၅ ရက်နောက်ပိုင်းမှသာ လုပ်ငန်းများ ပုံမှန်အတိုင်းပြန်လည်စတင်နိုင်မည်ဟု မျှော်မှန်းကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138905.html

## မြိတ်ကျွန်းစုဒေသထွက် တည်င်းသီးရောင်း/ဝယ်သူများ ယခုနှစ်အရှုံးပေါ်နေ




COVID-19 ကူးစက်ရောဂါ ကာလအတွင်း ရန်ကုန်က ကုန်စည်ဒိုင်ပွဲရုံတွေ ပိတ်ထားတာကြောင့် မြိတ်ဒေသထွက် တည်င်းသီးဈေးကွက် အဝယ်ရပ်တန့်နေပြီး အရှုံးပေါ်နေကြောင်း မြိတ်မြို့က တည်င်းသီးလုပ်ကိုင်သူတွေထံမှသိရသည်။ မြိတ်မြို့နယ်က ထွက်ရှိသော တည်င်းသီးတွေကို ရန်ကုန်က ပွဲရုံတွေကို အများဆုံး တင်ပို့နေရတာ ဖြစ်ကာ ပြီးခဲ့သည့် နှစ်က တည်င်းသီး ရာသီပေါ် ဈေးကွက်မှာ အလုံး အကြီးသေးပေါ် ူတည်ပြီး အလုံးအရေအတွက် ၂၅၀၀ ကနေ ၃၀၀၀ အထိ ပါ တစ်အိတ်ကို ၆ သောင်းကျော်ကနေ ၁ သိန်းနီးပါးအထိ ဈေးကောင်းရရှိခဲ့ပြီး အခုနှစ်မှာတော့ တစ်အိတ်ကို ၂ သောင်းကျပ်ကနေ ၂ သောင်းခွဲ အထိသာ ရရှိတော့တယ်ဟုသိရသည်။ မြိတ်မြို့၊ အောင်မင်္ဂလာရပ် အုန်းတော်ကျောင်း အနီး တည်င်းသီး အဝယ်ဒိုင်မှ ဒေါ်မြင့်ရီက“ဒီနှစ်က တည်င်းသီးတွေ အရမ်းထွက်ပေမယ့် ကိုဗစ် ကာလကြောင့် ဈေးတွေ ကျနေသလို အရောင်း/ ဝယ် လုပ်တဲ့ဒိုင်တွေလည်း အရှုံးပေါ်ကျတယ်”ဟု ပြောဆိုသည်။

မြိတ်ကျွန်းစု ဒေသထွက် တည်င်းသီးမှာ ပြီးခဲ့သည့်နှစ်ကထက်စာရင် အခုနှစ်မှာ သီးထွက်နှုန်း ပိုများလာသလို ကိုဗစ် ကူးစက်မြန်ရောဂါကြောင့် ရန်ကုန်ပွဲရုံတွေပိတ်ထားတာကြောင့် အရောင်း/အဝယ်တွေ ရပ်တန့်နေသည့်အတွက် အခုလို ဈေးနှုန်းတွေ ကျဆင်းနေကြောင်းသိရသည်။ အခုနှစ်မှာ တည်င်းသီးလုပ်ကိုင်သော ခြံရှင်တွေလည်း အရှုံးပေါ်နေကြကြောင်း ခြံရှင်တွေထံမှသိရသည်။ “တည်င်းသီးက ဒီနှစ်မှာ တစ်ခါမှ မကြုံဖူးတဲ့ဈေးတွေ ကျဆင်းနေတာပါ၊ ခြံရှင်တွေတောင် ဈေးမကောင်းလို့ ကောက်ရောင်းဖို့အတွက် တင်ခ/ချခစားရိတ်တွေ အခက်အခဲဖြစ်နေကြတယ်”ဟု ကျွန်းစုမြို့နယ် ကတ္တလူ ကျေးရွာနေ ဒေါ်စန်းဝေကပြောကြားသည်။ မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းက ကတ္တလူကျေးရွာ၊ မရမ်းချောင်းကျေးရွာ၊ ထိန်ချောင်းကျေးရွာ၊ ကဘင်းချောင်းကျေးရွာ၊ ကမ်းကြီးကျေးရွာနှင့် တလာပိုင်းကျေးရွာ စတဲ့ ကျေးရွာတွေမှာ တည်င်းသီးကို အများဆုံး ထွက်ရှိကြောင်း သိရသည်။

**Source:** http://www.mizzimaburmese.com/article/69539

## မူဆယ်ကုန်သွယ်ရေးဇုန်၌ တရုတ်ယာဉ်မောင်းမလုံလောက်၍ ပို့ကုန်တင်ပို့နိုင်မှုကြန့်ကြာနေ

မူဆယ် နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်ကုန်တင်ယာဉ်မောင်း လုံလောက်စွာမထားပေးခြင်းကြောင့် ပို့ကုန်များ အချိန်မီ တင်ပို့နိုင်ခြင်းမရှိပဲ ကြန့်ကြာမှုများဖြစ်ပေါ်ကြောင်း မူဆယ်"နန်းခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်စိုးက မြန်မာတိုင်းမ်ကိုပြောသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော Covid ကြောင့် တရုတ်အစိုးရက မြန်မာနှင့် နယ်စပ်ကုန်သွယ်မှုကို မြန်မာယာဉ်မောင်းများ ယင်းနိုင်ငံဘက်သို့ အဝင်မခံတော့ပဲ တရုတ်အစိုးရဘက်မှ ကျန်းမာရေး စစ်ဆေးမှုထောက်ခံချက်ဖြင့် သတ်မှတ်ထားသော တရုတ်နိုင်ငံသား ယာဉ်မောင်းများမောင်းနှင်သည့်စနစ်ဖြင့်သာ မြန်မာ ပို့ကုန်တင်ယာဉ်များကို ဝင်ရောက်ခွင့်ပြုခြင်းကို ဧပြီလကစတင်ခဲ့သည်။ တရုတ်ကခွင့်ပြုပေးထားသည့် ကုန်သွယ်ရေး ဝင်ပေါက်များဖြစ်သော မူဆယ်ရှိ မန့်ဝင်းနှင့်ကျင့်စန်းကျော့ဂိတ်များတွင် မြန်မာကုန်တင်ကားများကို တရုတ်ယာဉ်မောင်းများက လာရောက်မောင်းနှင်၍ တရုတ်နိုင်ငံထဲသို့ဝင်ကာ ကုန်တင်၊ကုန်ချပြုလုပ်ကြခြင်းဖြစ်သည်။ ''ဒီစနစ်က အဆင် မပြေဘူး။ ဒါပေမယ့် အဆင်ပြေအောင်ပဲလုပ်ရတာ။ အရင်က တစ်ဆင့်လောက်ပဲ လုပ်ရတဲ့ကိစ္စက အခု ၅ ဆင့်လောက်ဖြစ်သွားတယ်''ဟု ၎င်းကပြောသည်။

မန့်-ဝင်းဂိတ်တွင် ယာဉ်မောင်း အယောက် ၂၀ ၊ ကျင့်စန်းကျော့ဘက်တွင် အယောက် ၄၀ သာ ထားပေးခြင်းဖြစ်ရာ မြန်မာဘက်က ပို့ကုန်တင်ကားများသည် ရာချီ၍သွားနေသည့်အတွက် အလျဉ်မမီဖြစ်ကာ အချိန်ကြန့်ကြာမှုဖြစ်ပေါ်ပြီး ရက်ကြာပြီးမှ တရုတ်ပြည်ထဲသို့ ကုန်စည်ယာဉ်များ ဝင်ရောက်ရသည်ဟုယင်းကဆိုသည်။ ''အခိကက ပိတ်တာက ဖရဲသီးကားတွေ ပြုံတိုးနေတဲ့အချိန်ပြီးတော့ ကြန့်ကြာမှုဖြစ်နေတာက ကိုယ့်ကားတွေက နယ်စပ်ဂိတ်ချသူတို့ဘက်က ကားမောင်းသမားတွေ လာမောင်းဆိုတော့ သူတို့ဘက်က မောင်းခွင့်တာဝန်ပေးထားတဲ့ လူကနည်းတယ်''ဟု ၎င်းက ပြောသည်။ ကားတစ်စီးမောင်းသွားပြီး တရုတ်ပြည်ထဲသို့ ကုန်ချပြီးမှ ပြန်အလာကို နောက်ထပ်ဝင်ရောက်မည့် ကားက ယာဉ်မောင်း စောင့်ဆိုင်းရခြင်းကြောင့် ကြန့်ကြာကာ မြန်မာဘက်ခြမ်းတွင် ကုန်တင်ကားများ တန်းစီစောင့်ဆိုင်းနေရခြင်း၊ ကုန်တင်ကားများ အလျင်အမြန်ဝင်ရောက်နိုင်မှု မရှိခြင်းကြောင့် ဖရဲနှင့်သခွားမွှေးသစ်သီးပို့ကုန်တင်ပို့နိုင်မှု အချိန်မှီမရောက်ရှိ၍ ပျက်စီးဆုံးရှုံးကာ မြန်မာ့ပို့ကုန်တင်ပို့မှုထိခိုက်ခဲ့သည်။ ''အသီးကားတွေ ၁ ရက်ကို ၆၀၀ ၊၇၀၀ ရှိတယ်။တရုတ်ထဲကို ဝင်နိုင်တာက အခုလိုသူတို့ ယာဉ်မောင်းအားနည်းနေတဲ့အပေါ်မှာ ရှိနေတော့ ၇၀၀ လုံးက ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကနေ pass ဖြစ်သွားပေမယ့် ကျင့်စန်းကျော့ထဲကို ၇၀၀ လုံး မဝင်နိုင်ဘူး''ဟု ဦးမင်းနိုင်စိုးကပြောသည်။

တရုတ်အစိုးရက ယာဉ်မောင်းသမားလုံလောက်စွာထားပေးခြင်းမရှိခြင်းသည် မြန်မာပို့ကုန်များတင်ပို့ရန် ကြန့်ကြာကာ ပို့ကုန်များမတင်ပို့နိုင်ခြင်းမရှိပဲ ပျက်ဆီးသွားစေသည့် အကြောင်းတစ်ချက်ဖြစ်သည်ဟု ဦးမင်းနိုင်စိုးကပြောသည်။ မြန်မာဘက်မှ တရုတ်ယူနန်အစိုးရသို့ ယာဉ်မောင်းထပ်တိုးမြင့်ပေးရန် တောင်းဆိုသော်လည်း အနည်းငယ်သာတိုးချဲ့ပေးပြီး မြန်မာဘက်မှ သွားသော ကုန်ကားများသည့်အတွက် တရုတ်အစိုးရကချပေးသော ယာဉ်မောင်းပမာဏနှင့်မမျှတဟု ၎င်းကဆိုသည်။

၁၀၅ မိုင်စစ်ဆေးပေးမှုသည် ကြန့်ကြာမှုမရှိသော်လည်း အခိကမှာ တရုတ်ပြည်ထဲဝင်ရောက်ချိန်တွင် ကြန့်ကြာ ခြင်းကြောင့် လမ်းတွင်ကုန်ကားများ တန်းစီးဝင်နေရသည့်အတွက် ရက်ကြာမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ စီးပွားကူးသန်းက အချိန်နှင့် တစ်ပြေးညီ သတင်းယူ၍ တရုတ်ဘက်ရှိ ပြည်ပရေးရာဆက်ဆံရေးဌာနသို့ နေ့စဉ်ညှိနှိုင်းနေကြောင်းသိရသည်။ တစ်ဖက်တွင်လည်း မူဆယ်"တရုတ်ကုန်သွယ်မှုသည် မြန်မာဘက်မှသွားနိုင်သော ကုန်တင်ကားကအစီးရေ ၂၀၀ တွင် တရုတ်ဘက်မှ သွင်းကုန်တင်ကားမြန်မာဘက်သို့ ဝင်ရောက်မှုသည် အစီး ၄၀၀ ခန့်ရှိသည့်အတွက် မိမိတို့ဘက်က ကားများ တန်းစီစောင့်ဆိုင်းရခြင်းများလည်း ဖြစ်ပေါ်ရသည်ဟု အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/138908.html

## ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာချိန်အတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က ထပ်ဆင့်ပံ့ပိုးကူညီပေးသွားမည့် အစီအစဉ်များကိုသတင်းထုတ်ပြန်

COVID-19 ၏ သက်ရောက်မှုဒဏ်ကို ပြင်းထန်စွာခံစားနေရသော ခရီးသွားလုပ်ငန်းကဏ္ဍအတွက် လုပ်ငန်းများ၏ လုပ်ခလစာအပေါ် ထောက်ပံ့ပေးခြင်းနှင့် လိုင်စင်ခများ ကင်းလွတ်ခွင့်ပြုခြင်းကဲ့သို့သော အစိုးရ၏အကူအညီများရရှိလျက်ရှိပြီး၊ လက်ရှိ Circuit Breaker ကာလအတွင်း ခရီးသွားလုပ်ငန်းများ၏ ရပ်တည်မှုအပေါ် ထပ်ဆင့်ပံ့ပိုးကူညီပေးနိုင်ရန်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာချိန်အတွက်စတင်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားနိုင်စေရန် စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (Singapore Tourism Board – STB) သည် ခရီးသွားလုပ်ငန်းဈေးကွက် ရှာဖွေရေးအထောက်အကူပြုရန်ပိုငွေတည်ထောင်ခြင်း၊ ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း၊ တီထွင်ဆန်းသစ်လုပ်ကိုင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ငွေသားလိုအပ်ချက်အပေါ် သက်သာရာရရှိစေနိုင်မည့်အစီအစဉ်တို့ဖြင့် ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

STB ၏ အစီအစဉ်များအနက် စင်ကာပူ၏ခရီးသွားလုပ်ငန်းဈေးကွက်ကို မြှင့်တင်ပေးနိုင်သော "Marketing Partnership Programme" အတွက် စင်ကာပူဒေါ်လာ ၂၀ သန်း သုံးစွဲသွားမည်ဖြစ်ပြီး၊ ဟိုတယ်များ၊ ခရီးသည်ဆွဲဆောင်သည့်လုပ်ငန်းများ၊ Inbound ခရီးသွားဝန်ဆောင်မှုလုပ်ငန်း များ၊ MICE (Meetings, Incentives, Conferences and Exhibitions) ဝန်ဆောင်မှုလုပ်ငန်းများ၏ သတ်မှတ်ချက်နှင့်ကိုက်ညီသော ဈေးကွက်ရှာဖွေရေးဆိုင်ရာကုန်ကျစရိတ်များအပေါ် ၇၀ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။ မေလအစောပိုင်းတွင် လုပ်ငန်းများသည် လျှောက်လွှာတင်သွင်းမှုများကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အလားတူ စင်ကာပူနိုင်ငံ၏ စည်းလုံးညီညွတ်မှု၊ ကြံ့ခိုင်မှု၊ ဒုပေနာပေခံနိုင်မှုနှင့် အားသာချက်များကို စိတ်ဝင်စားဖွယ် "Digital Video Content" ဖန်တီးထုတ်လုပ်၍ ခရီးသွားဈေးကွက် မြှင့်တင်ခြင်းနှင့် ဖြန့်ဖြူးခြင်းများဆောင်ရွက်ရာတွင် လုပ်ငန်းများ၏ သတ်မှတ်ချက်နှင့်ကိုက်ညီသော ကုန်ကျစရိတ်များအပေါ် ၉၀ ရာခိုင်နှုန်းအထိ (စီမံကိန်းတစ်ခုလျှင် စင်ကာပူဒေါ်လာ ၁၅၀,၀၀၀ အထိ ကန့်သတ်ချက်ဖြင့်) ပံ့ပိုးပေးမည်ဖြစ်ပြီး၊ ဤအစီအစဉ်အတွက် "SG Stories Content Fund" ကို စင်ကာပူဒေါ်လာ ၂ သန်းဖြင့် ထူထောင်မည်ဖြစ်ပါသည်။ လျှောက်လွှာ တင်သွင်းမှုကို မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ ပြုလုပ်နိုင်ပြီး၊ "Digital Video Content" ဖန်တီးရာတွင် လက်ရှိ "Circuit Breaker" ကာလအတွင်း လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်သွားလာရသည့် "Safe Distancing" အစီအမံကြောင့် အိမ်အပြင်ဘက်ထွက်၍ ရိုက်ကူးခြင်းမပြုလုပ်ရန်နှင့် နေအိမ်မှသာ ဖန်တီးထုတ်လုပ်သွားရမည်ဖြစ်ပါသည်။

STB သည် ခရီးသွားလာရေးကဏ္ဍရှိ လုပ်ငန်းများ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်ရန်အတွက် မူဘောင်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ခုနှစ်၊ ဒုတိယ(၃)လပတ်တွင် "Tourism Transformation Index (TXI)" တည်ထောင်သွားမည်ဖြစ်ပြီး၊ TXI အညွှန်းကိန်းဖြင့်လုပ်ငန်းများသည် ၎င်းတို့၏ ဒီဂျစ်တယ်အသွင် ကူးပြောင်းမှုနှင့်ပတ်သက်၍ လက်ရှိအခြေအနေ၊ အားသာချက်နှင့် အခွင့်အလမ်းများကို သုံးသပ်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းများ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုခရီးအတွက် နောက်တစ်ဆင့် တက်လှမ်းသွားနိုင်ရန်အတွက် STB ကလည်း အကြံပြုပေးသွားမည်ဖြစ်ပါသည်။ လုပ်ငန်းများက ဒီဂျစ်တယ်နည်းလမ်းဖြင့် ဈေးကွက်ရှာဖွေနိုင်မည့် နည်းလမ်းကောင်းများကို တီထွင်ဖန်တီး၍ စမ်းသပ်နိုင်သောနေရာတစ်ခု "ThreeHouse" ကို STB ၏ ရုံးအဆောက်အဦးတွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။ လုပ်ငန်းများ၏ ဆန်းသစ်ဖန်တီးမှုနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အပေါ် အထောက်အကူပြုပေးနိုင်မည့် ခရီးသွားလုပ်ငန်းဆိုင်ရာသတင်းအချက်အလက်များကိုရယူနိုင်သော "Singapore Tourism Analytics Network" ကိုလည်း တည်ထောင်သွားမည်ဖြစ်ပါသည်။

"STB Marketing College" သည် အဓိကဒီဂျစ်တယ်လုပ်ငန်းများဖြစ်သော Facebook ၊ Google နှင့် LinkedIn တို့နှင့် ပူးပေါင်းလျက် ခရီးသွားလုပ်ငန်းကဏ္ဍရှိ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြှင့်တင်ပေးနိုင်ရန်အတွက် ဝက်ဆိုက်ဒ်အခြေပြုသင်တန်းများဖြင့် လေ့ကျင့်သင်ကြားပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိ ခရီးသွားအေဂျင်စီလုပ်ငန်းများ၏ ငွေသားလိုအပ်ချက်ရှိမှုအပေါ် ပံ့ပိုးပေးနိုင်ရန် အတွက် ၂၀၂၀ နှစ်ကုန်အထိ ၎င်းတို့၏ လုပ်ငန်းလိုင်စင်ဆက်လက် လုပ်ကိုင်

ဆောင်ရွက်ခွင့်အတွက် အနည်းဆုံးထားရှိရမည့် ငွေကြေးလိုအပ်ချက်ကို ၉၀ ရာခိုင်နှုန်း အထိ လျှော့ပေါ့ပေးလိုက်သောကြောင့်၊ ယခုအခါ အထွေထွေလိုင်စင်ကိုင်ဆောင်၍လုပ်ကိုင်နေသော ခရီးသွားအေဂျင်စီ များသည် အသားတင်တန်ဖိုး စင်ကာပူဒေါ်လာ ၁၀,၀၀၀ နှင့် "Niche Licence" ကိုင်ဆောင်သော ခရီးသွားအေဂျင်စီများသည် အသားတင်တန်ဖိုး စင်ကာပူဒေါ်လာ ၅,၀၀၀ အသီးသီးတို့သာ ထိန်းသိမ်းထားရန်လိုအပ်ပါကြောင်း သိရှိရပါသည်။

**Source: Singapore Tourism Board**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## SMEs လုပ်ငန်းများအား အတိုးနှုန်းသက်သာသောချေးငွေများ တစ်ဆင့်ထုတ်ချေးပေးနိုင်ရန်အတွက် စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်က ဘဏ်များနှင့် ငွေရေးကြေးရေးလုပ်ငန်းများသို့ အတိုးနှုန်း ၀.၁ ရာခိုင်နှုန်းသာရှိသော စင်ကာပူဒေါ်လာငွေများထုတ်ချေးမည်

စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင် (ဗဟိုဘဏ်) သည် စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ Enterprise Singapore (ESG) နှင့် ပူးပေါင်းလျက် “MAS SGD Facility for ESG Loans” အစီအစဉ်ကို ၂၀ – ၄ – ၂၀၂၀ ရက်နေ့တွင်စတင်ခဲ့ပြီး၊ ဤအစီအစဉ်ဖြင့် စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်သည် စင်ကာပူရှိသတ်မှတ်ချက်နှင့် ကိုက်ညီသော ဘဏ်များနှင့် ငွေရေးကြေးရေးလုပ်ငန်းများသို့ စင်ကာပူဒေါ်လာငွေကို တစ်နှစ်လျှင် အတိုးနှုန်း ၀.၁ ရာခိုင်နှုန်းဖြင့် ငွေထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

အခြေခံအားဖြင့် ဘဏ်များနှင့်ငွေရေးကြေးရေးလုပ်ငန်းများသည် ၎င်းတို့ထုတ်ချေးမည့် ချေးငွေနှင့်ပတ်သက်၍ နှုန်းထားသတ်မှတ်ရာတွင် ၎င်းတို့ကပေးချေရမည့်အတိုးနှုန်း၊ ငွေချေးသူများ၏ ချေးငွေပြန်ဆပ်နိုင်မှုအခြေအနေအား စိစစ်ရသောစရိတ်များ၊ credit spread စသည့်အခြေအနေတို့ကို ထည့်သွင်းစဉ်းစားတွက်ချက်၍ ငွေထုတ်ချေးကြရကြောင်း၊ ယခုအစီအစဉ်အရ ဘဏ်များနှင့်ငွေရေးကြေးရေးလုပ်ငန်းများသည် (၂)နှစ်တာကာလအထိ တစ်နှစ်လျှင် အတိုးနှုန်း ၀.၁ ရာခိုင်နှုန်းဖြင့်သာ စင်ကာပူငွေကြေးကြီးကြပ်မှုအာဏာပိုင်မှ စင်ကာပူဒေါ်လာငွေကို ရယူနိုင်မည်ဖြစ်သည့်အတွက် ထိုငွေများကို တစ်ဆင့်ထုတ်ချေးရာတွင် ၎င်းတို့၏ကုန်ကျစရိတ်များ သက်သာမည်ဖြစ်သောကြောင့် အတိုးနှုန်းသက်သာသော ချေးငွေများကို SMEs များသို့တစ်ဆင့် ပြန်လည်ထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ COVID – 19 ကြောင့် ထိခိုက်မှုရှိသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများက လတ်တလောငွေသားလိုအပ်ချက်အတွက် ယာယီချေးငွေရယူဆောင်ရွက်ရာတွင် ချေးငွေဆုံးရှုံးနိုင်ခြေအပေါ် အစိုးရကလည်း ၉၀ ရာခိုင်နှုန်းအထိ တာဝန်ယူပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source: Press Release, Monetary Authority of Singapore**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## STOCK EXCHANGE (5.5.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +100 | +1.01% | 9,900 | 10,000 | 9,800 | 4,100 | 40,502,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,800 | 3,850 | 3,800 | 9,142 | 34,791,550 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 845 | 19,430,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 4 | 11,000 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.84 | +4.31 | +1.00% | 431.95 | 434.84 | 429.97 | 14,091 | 94,734,550 | 5 | 595,427 |

**Index chart**




# Market Overview

As of 11:00 am, 5th May. 2020

| MYANPIX | 431.95 ▲1.42 |
|---|---|
| Total Volume (shares) | 7,489 |
| Total Value (MMK) | 45 mil |
| Listed Company | 5 |
| Market Cap. (MMK) | 591,480 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲0 |
| MTSH | 00002 | 3,800 | ▲50 |
| MCB | 00003 | 8,100 | ▲0 |
| FPB | 00004 | 22,500 | ▲0 |
| TMH | 00005 | 2,750 | ▲0 |